# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီး/ပြည်နယ်များ၏
## ပထမ(၃)လပတ် (အောက်တိုဘာလမှဒီဇင်ဘာလအထိ)
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
## (In Year Report)

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ မတ်လ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## ပထမ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပထမ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် အကောင်အထည်ဖော်မှုတန်ဖိုး | ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
| (က) | ရငွေ | ၄၄၈,၁၆၆.၃၈၆ | ၁,၁၂၄,၄၅၂.၃၁၆ | ၁,၁၂၅,၂၄၅.၃၂၅ | ၁၀၀.၀၇% |
| | သာမန် | ၄၄၁,၄၆၄.၇၇၅ | ၁,၀၉၃,၄၅၀.၂၀၁ | ၁,၀၉၅,၅၄၇.၀၄၃ | ၁၀၀.၁၉% |
| | ငွေလုံးငွေရင်း | ၆,၃၃၅.၁၇၄ | ၁၅,၉၉၄.၃၄၂ | ၁၆,၇၉၃.၁၇၈ | ၁၀၄.၉၉% |
| | ကြွေးမြီ | ၃၆၆.၄၃၇ | ၁၅,၀၀၇.၇၇၃ | ၁၂,၉၀၅.၁၀၄ | ၈၅.၉၉% |
| (ခ) | သုံးငွေ | ၅၅၃,၈၉၃.၀၈၄ | ၃၂၈,၃၄၃.၆၉၃ | ၂၉၀,၄၉၃.၄၄၆ | ၈၈.၄၇% |
| | သာမန် | ၂၆၂,၂၈၅.၀၁၆ | ၁၆၂,၇၁၅.၁၇၀ | ၁၅၆,၈၃၃.၇၃၂ | ၉၆.၃၉% |
| | ငွေလုံးငွေရင်း | ၂၉၁,၆၀၈.၀၆၈ | ၁၆၂,၆၂၈.၅၂၂ | ၁၃၀,၆၅၉.၇၁၄ | ၈၀.၃၄% |
| | ကြွေးမြီ | - | ၃,၀၀၀.၀၀၀ | ၃,၀၀၀.၀၀၀ | ၁၀၀.၀၀% |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | (-) ၁၀၅,၇၂၆.၆၉၈ | (+) ၇၉၆,၁၀၈.၆၂၃ | (+) ၈၃၄,၇၅၁.၈၇၉ | |

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် ( အောက်တိုဘာလမှ ဒီဇင်ဘာလအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ (က)

လျှို့ဝှက်

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ်အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ (၆+၃) | ၁၀(၇+၄) |
| ၁ | ကချင်ပြည်နယ် | ၈၉,၁၂၀.၅၁၇ | ၈,၉၂၈.၅၂၇ | +၈၀,၁၉၁.၉၉၀ | ၈၉,၆၈၁.၄၈၅ | ၈,၂၈၂.၄၂၇ | +၈၁,၃၉၉.၀၅၈ | ၁၀၀.၆၃% | ၉၂.၇၆% |
| ၂ | ကယားပြည်နယ် | ၂၉.၂၉၉.၅၀၅ | ၉.၇၀၃.၇၈၀ | +၁၉.၅၉၅.၇၂၅ | ၃၀,၈၀၈.၄၅၉ | ၃.၃၁၂.၈၃၀ | +၂၇.၄၉၅.၆၂၉ | ၁၀၅.၁၅% | ၃၄.၀၄% |
| ၃ | ကရင်ပြည်နယ် | ၄၇.၉၆၂.၂၁၃ | ၂၈,၈၈၉.၉၃၉ | +၁၉,၀၇၂.၂၇၄ | ၄၇.၉၉၁.၃၆၉ | ၂၈,၈၆၂.၇၇၈ | +၁၉,၁၂၈.၅၉၁ | ၁၀၀.၀၆% | ၉၉.၉၁% |
| ၄ | ချင်းပြည်နယ် | ၄,၀၈၉.၅၉၀ | ၁၀,၀၁၅.၈၃၄ | -၅,၉၂၆.၂၄၄ | ၄,၁၆၀.၂၇၈ | ၈,၇၀၈.၅၃၄ | -၄,၅၄၈.၂၅၆ | ၁၀၁.၇၃% | ၈၆.၉၅% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၄,၅၈၄.၀၇၇ | ၃၂,၆၈၃.၇၉၁ | +၁၆၁,၉၀၀.၂၈၆ | ၁၀၉,၅၃၀.၇၀၁ | ၁၄,၃၉၀.၁၃၁ | +၉၅,၁၄၀.၅၇၀ | ၅၆.၂၉% | ၄၄.၀၃% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၇.၉၉၄.၄၄၆ | ၁၆,၀၉၀.၂၂၉ | +၆၁,၉၀၄.၂၁၇ | ၇၈,၆၉၁.၂၉၇ | ၁၆,၀၃၀.၇၅၃ | +၆၂,၆၆၀.၅၄၄ | ၁၀၀.၈၉% | ၉၉.၆၃% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၂.၅၉၃.၁၄၅ | ၉.၈၇၈.၂၇၅ | +၇၂,၇၁၄.၈၇၀ | ၈၂.၅၀၅.၂၁၁ | ၉.၈၇၈.၂၇၅ | +၇၂,၆၂၆.၉၃၆ | ၉၉.၈၉% | ၁၀၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၂၈၅.၉၉၇ | ၃၁,၁၆၃.၃၀၁ | -၂၄,၈၇၇.၃၀၄ | ၈၄,၃၇၅.၇၃၃ | ၂၀,၇၁၈.၃၀၁ | +၆၃,၆၅၇.၄၁၂ | ၁၃၄၂.၂၈% | ၆၆.၄၈% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၉.၄၇၃.၅၈၄ | ၂၈,၀၃၁.၀၇၃ | +၇၁,၄၄၂.၅၁၁ | ၁၀၁,၅၀၇.၆၅၆ | ၂၈,၀၂၆.၀၆၉ | +၇၃,၄၈၁.၅၈၇ | ၁၀၂.၀၄% | ၉၉.၉၈% |
| ၁၀ | မွန်ပြည်နယ် | ၄၇.၃၈၈.၃၆၂ | ၁၀,၂၁၀.၆၀၀ | +၃၇,၁၇၇.၇၆၂ | ၄၇.၅၄၉.၂၆၈ | ၁၀,၁၉၈.၇၅၁ | +၃၇,၃၅၀.၅၁၇ | ၁၀၀.၃၄% | ၉၉.၈၈% |
| ၁၁ | ရခိုင်ပြည်နယ် | ၈၁,၁၂၉.၅၃၁ | ၂၂,၁၄၄.၈၁၈ | +၅၈,၉၈၄.၇၁၃ | ၈၁,၆၇၀.၈၃၂ | ၂၂,၁၄၄.၈၁၈ | +၅၉,၅၂၆.၀၁၄ | ၁၀၀.၆၇% | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆၀,၅၃၂.၇၃၆ | ၅၃,၈၃၈.၅၅၀ | +၁၀၆,၆၉၄.၁၈၆ | ၁၆၃,၇၁၇.၇၇၀ | ၅၃,၁၇၄.၈၀၃ | +၁၁၀,၅၄၂.၉၂၇ | ၁၀၁.၉၈% | ၉၈.၇၇% |
| ၁၃ | ရှမ်းပြည်နယ် | ၁၂၇,၅၃၀.၄၆၃ | ၄၄,၁၁၀.၁၄၀ | +၈၃,၄၂၀.၃၂၃ | ၁၂၇,၅၃၆.၁၁၁ | ၄၄,၁၁၀.၁၄၀ | +၈၃,၄၂၅.၉၇၁ | ၁၀၀.၀၀% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇၆,၄၆၈.၁၅၀ | ၂၂,၆၅၄.၈၃၆ | +၅၃,၈၁၃.၃၁၄ | ၇၅.၅၁၉.၂၁၅ | ၂၂,၆၅၄.၈၃၆ | +၅၂,၈၆၄.၃၇၉ | ၉၈.၇၆% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၁,၁၂၄,၄၅၂.၃၁၆ | ၃၂၈,၃၄၃.၆၉၃ | +၇၉၆,၀၀၈.၆၂၃ | ၁,၁၂၅,၂၄၅.၃၂၅ | ၂၉၀,၄၉၃.၄၄၆ | +၈၃၄,၇၅၁.၈၇၉ | ၁၀၀.၀၇% | ၈၈.၄၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ်အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၈၉,၀၂၀.၅၀၇ | ၆,၃၆၉.၉၂၄ | +၈၂,၇၅၀.၅၉၃ | ၈၉,၆၈၀.၄၈၅ | ၆,၃၆၂.၅၃၅ | +၈၃,၃၀၈.၉၅၀ | ၁၀၀.၆၃% | ၉၉.၈၈% |
| ၂ | ကယားပြည်နယ် | ၂၉,၂၉၈.၉၀၅ | ၃,၂၀၅.၆၉၇ | +၂၆,၀၉၃.၂၀၈ | ၃၀,၆၉၃.၈၈၉ | ၂,၉၄၀.၂၃၀ | +၂၇,၇၅၂.၆၅၈ | ၁၀၄.၇၆% | ၉၀.၇၅% |
| ၃ | ကရင်ပြည်နယ် | ၄၇,၉၆၂.၂၀၃ | ၄,၂၃၂.၃၃၇ | +၄၃,၇၂၉.၈၇၆ | ၄၇,၉၉၀.၃၆၉ | ၄,၂၀၅.၁၇၆ | +၄၃,၇၈၆.၁၉၃ | ၁၀၀.၀၆% | ၉၉.၃၆% |
| ၄ | ချင်းပြည်နယ် | ၄,၀၈၉.၅၉၀ | ၅,၅၀၃.၆၂၄ | -၁,၄၁၄.၀၃၄ | ၄,၁၆၀.၂၇၈ | ၅,၃၆၀.၅၅၄ | -၁,၂၀၀.၂၇၆ | ၁၀၁.၇၃% | ၉၇.၄၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၄,၅၈၄.၀၇၇ | ၁၆,၃၈၉.၁၄၀ | +၁၇၈,၁၉၄.၉၃၇ | ၁၀၉,၅၃၀.၂၀၁ | ၁၂,၆၄၈.၁၀၁ | +၉၆,၈၈၂.၁၀၀ | ၅၆.၂၉% | ၇၇.၀၇% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၇,၉၉၄.၄၄၆ | ၃,၅၉၇.၅၈၀ | +၇၄,၃၉၆.၈၆၆ | ၇၈,၆၄၇.၂၉၂ | ၃,၅၃၈.၁၀၄ | +၇၅,၁၀၉.၁၈၈ | ၁၀၀.၈၄% | ၉၈.၃၅% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၂,၅၉၃.၁၄၅ | ၉,၃၈၉.၀၈၇ | +၇၃,၂၀၄.၀၅၈ | ၈၂,၄၆၅.၈၆၉ | ၉,၃၈၉.၀၈၇ | +၇၃,၀၇၆.၇၈၂ | ၉၉.၈၅% | ၁၀၀.၀၀% |
| ၈ | မ[illegible]တိုင်းဒေသကြီး | ၆,၂၈၅.၉၉၇ | ၁၄,၄၄၈.၅၆၀ | -၈,၁၆၂.၅၆၃ | ၈၄,၃၇၅.၇၁၃ | ၁၃,၁၇၇.၂၄၆ | +၇၁,၁၉၈.၄၆၇ | ၁၃၄၂.၂၈% | ၉၁.၂၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၁,၄၇၁.၇၄၁ | ၂၀,၆၈၉.၉၂၅ | +၇၀,၇၈၁.၈၁၆ | ၉၅,၅၄၄.၀၇၄ | ၂၀,၆၈၄.၉၂၁ | +၇၄,၈၅၉.၁၅၃ | ၁၀၄.၄၅% | ၉၉.၉၈% |
| ၁၀ | မွန်ပြည်နယ် | ၄၇,၃၈၈.၃၆၂ | ၄,၄၇၈.၀၈၃ | +၄၂,၉၁၀.၂၇၉ | ၄၇,၅၄၉.၂၃၈ | ၄,၄၆၆.၂၃၄ | +၄၃,၀၈၃.၀၀၄ | ၁၀၀.၃၄% | ၉၉.၇၄% |
| ၁၁ | ရခိုင်ပြည်နယ် | ၈၁,၁၂၉.၅၃၁ | ၁၀,၂၅၄.၁၄၈ | +၇၀,၈၇၅.၃၈၃ | ၈၁,၁၄၇.၂၀၇ | ၁၀,၂၅၄.၁၄၈ | +၇၀,၈၉၃.၀၅၉ | ၁၀၀.၀၂% | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၇,၅၃၃.၀၆၄ | ၂၅,၈၂၅.၃၅၈ | +၁၁၁,၇၀၇.၇၀၆ | ၁၄၀,၇၁၈.၀၅၀ | ၂၅,၄၇၃.၆၈၇ | +၁၁၅,၂၄၄.၃၆၃ | ၁၀၂.၃၂% | ၉၈.၆၄% |
| ၁၃ | ရှမ်းပြည်နယ် | ၁၂၇,၅၃၀.၄၆၃ | ၂၄,၄၂၄.၀၈၇ | +၁၀၃,၁၀၆.၃၇၆ | ၁၂၇,၅၃၀.၄၆၃ | ၂၄,၄၂၄.၀၈၇ | +၁၀၃,၁၀၆.၃၇၆ | ၁၀၀.၀၀% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇၆,၄၆၈.၁၅၀ | ၁၃,၉၀၇.၆၂၀ | +၆၂,၅၆၀.၅၂၉ | ၇၅,၅၁၀.၉၀၅ | ၁၃,၉၀၇.၆၂၀ | +၆၁,၆၀၄.၂၈၄ | ၉၈.၇၅% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၁,၀၉၃,၄၅၀.၂၀၁ | ၁၆၂,၇၁၅.၁၇၁ | +၉၃၀,၇၃၅.၀၃၀ | ၁,၀၉၅,၅၅၇.၀၄၃ | ၁၅၆,၈၃၃.၇၃၂ | +၉၃၈,၇၁၃.၃၁၁ | ၁၀၀.၁၉% | ၉၆.၃၉% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ်အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ (၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၂,၅၇၈.၆၀၃ | -၂,၅၇၈.၆၀၃ | | ၁,၉၁၉.၈၉၂ | -၁,၉၁၉.၈၉၂ | | ၇၅.၀၄% |
| | ကယားပြည်နယ် | ၀.၆၀၀ | ၆,၄၉၈.၀၈၃ | -၆,၄၉၇.၄၈၃ | ၁၁၄.၅၇၀ | ၃၇၀.၅၉၉ | -၂၅၇.၀၂၉ | ၁၉၀၉၅.၀၀% | ၅.၇၂% |
| | ကရင်ပြည်နယ် | | ၂၄,၆၅၇.၆၀၂ | -၂၄,၆၅၇.၆၀၂ | | ၂၄,၆၅၇.၆၀၂ | -၂၄,၆၅၇.၆၀၂ | | ၁၀၀.၀၀% |
| | ချင်းပြည်နယ် | | ၄,၅၀၂.၂၁၀ | -၄,၅၀၂.၂၁၀ | | ၃,၃၄၆.၉၈၀ | -၃,၃၄၆.၉၈၀ | | ၇၄.၀၈% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | ၁၆,၂၉၄.၆၅၁ | -၁၆,၂၉၄.၆၅၁ | ၀.၅၀၀ | ၁,၇၄၂.၀၃၀ | -၁,၇၄၁.၅၃၀ | | ၁၀.၆၉% |
| | တနင်္သာရီတိုင်းဒေသကြီး | | ၁၂,၄၉၂.၆၄၉ | -၁၂,၄၉၂.၆၄၉ | ၄၄.၀၀၅ | ၁၂,၄၉၂.၆၄၉ | -၁၂,၄၄၈.၆၄၄ | | ၁၀၀.၀၀% |
| | ပဲခူးတိုင်းဒေသကြီး | | ၄၈၉.၁၈၈ | -၄၈၉.၁၈၈ | ၃၉.၃၄၂ | ၄၈၉.၁၈၈ | -၄၄၉.၈၄၆ | | ၁၀၀.၀၀% |
| | မကွေးတိုင်းဒေသကြီး | | ၁၆,၇၁၄.၇၄၁ | -၁၆,၇၁၄.၇၄၁ | | ၇,၅၄၁.၀၅၅ | -၇,၅၄၁.၀၅၅ | | ၄၅.၁၂% |
| | မန္တလေးတိုင်းဒေသကြီး | ၅,၈၅၅.၇၃၃ | ၄,၃၄၁.၁၄၈ | +၁,၅၁၄.၆၂၅ | ၅,၉၂၀.၁၈၁ | ၄,၃၄၁.၁၄၈ | +၁,၅၇၉.၀၃၃ | ၁၀၁.၁၀% | ၁၀၀.၀၀% |
| | မွန်ပြည်နယ် | | ၅,၇၃၂.၅၁၇ | -၅,၇၃၂.၅၁၇ | ၀.၀၃၀ | ၅,၇၃၂.၅၁၇ | -၅,၇၃၂.၄၈၇ | | ၁၀၀.၀၀% |
| | ရခိုင်ပြည်နယ် | | ၁၁,၈၉၀.၆၇၀ | -၁၁,၈၉၀.၆၇၀ | ၅၂၃.၆၂၅ | ၁၁,၈၉၀.၆၇၀ | -၁၁,၃၆၇.၀၄၅ | | ၁၀၀.၀၀% |
| | ရန်ကုန်တိုင်းဒေသကြီး | ၁၀,၁၇၇.၉၆၉ | ၂၈,၀၁၃.၁၉၂ | -၁၇,၈၃၅.၂၂၃ | ၁၀,၁၇၇.၉၇၇ | ၂၇,၇၀၁.၁၁၆ | -၁၇,၅၂၃.၁၃၉ | ၁၀၀.၀၀% | ၉၈.၈၉% |
| | ရှမ်းပြည်နယ် | | ၁၉,၆၈၆.၀၅၃ | -၁၉,၆၈၆.၀၅၃ | ၅.၆၄၈ | ၁၉,၆၈၆.၀၅၃ | -၁၉,၆၈၀.၄၀၅ | | ၁၀၀.၀၀% |
| | ဧရာဝတီတိုင်းဒေသကြီး | | ၈,၇၄၇.၂၁၅ | -၈,၇၄၇.၂၁၅ | ၇.၃၀၀ | ၈,၇၄၇.၂၁၅ | -၈,၇၃၉.၉၁၅ | | ၁၀၀.၀၀% |
| | စုစုပေါင်း | ၁၅,၉၉၄.၃၄၂ | ၁၆၂,၆၂၈.၅၂၂ | -၁၄၆,၆၃၄.၁၈၀ | ၁၆,၇၉၃.၁၇၈ | ၁၃၀,၆၅၉.၇၁၄ | -၁၁၃,၈၆၆.၅၃၆ | ၁၀၄.၉၉% | ၈၀.၃၄% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ်အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| | ကယားပြည်နယ် | | | | | | | | |
| | ကရင်ပြည်နယ် | | | | | | | | |
| | ချင်းပြည်နယ် | | | | | | | | |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| | မ[illegible]တိုင်းဒေသကြီး | | | | | | | | |
| | မန္တလေးတိုင်းဒေသကြီး | ၂,၁၄၆.၀၇၀ | ၃,၀၀၀.၀၀၀ | -၈၅၃.၉၃၀ | ၄၃.၄၀၁ | ၃,၀၀၀.၀၀၀ | -၂,၉၅၆.၅၉၉ | ၂.၀၂% | ၁၀၀.၀၀% |
| | မွန်ပြည်နယ် | | | | | | | | |
| | ရခိုင်ပြည်နယ် | | | | | | | | |
| | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၈၆၁.၇၀၃ | | +၁၂,၈၆၁.၇၀၃ | ၁၂,၈၆၁.၇၀၃ | | +၁၂,၈၆၁.၇၀၃ | ၁၀၀.၀၀% | |
| | ရှမ်းပြည်နယ် | | | | | | | | |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | |
| | **စုစုပေါင်း** | ၁၅,၀၀၇.၇၇၃ | ၃,၀၀၀.၀၀၀ | +၁၂,၀၀၇.၇၇၃ | ၁၂,၉၀၅.၁၀၄ | ၃,၀၀၀.၀၀၀ | +၉,၉၀၅.၁၀၄ | ၈၅.၉၉% | ၁၀၀.၀၀% |

နောက်ဆက်တွဲ(၈)

<u>တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈ -၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေအား သုံးသပ်တင်ပြချက်</u>

ရငွေ

၁။ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခု၏ စုစုပေါင်းရငွေကို ကျပ် ၁,၁၂၄,၄၅၂.၃၀၆ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၁၂၅,၂၄၅.၃၂၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၀၀.၀၇ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ အောက်ပါတို့ကြောင့် ဖြစ်ပါသည် -

(က) **သာမန်ရငွေ။** လျာထား ကျပ် ၁,၀၉၃,၄၅၀.၂၀၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၀၉၅,၅၄၇.၀၄၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၀.၁၉ ဖြစ်ပါသည်။ လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ-

(၁) <u>ကယားပြည်နယ်။</u> လျာထား ကျပ် ၂၉,၂၉၈.၉၀၅ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၃၀,၆၉၃.၈၈၉ သန်း အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၄.၇၆ ဖြစ်ပါသည်။ အခွန်အကောက်ရငွေ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင် ဓာတ်သတ္တုခွန်များအား တည်ဆောက်ရေးလုပ်ငန်းများမှ အချိန်မီပေးသွင်းခြင်း တို့ကြောင့် ရငွေရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် သစ်တောထွက်ပစ္စည်းများအား ပိုမိုထုတ်ယူနိုင်ခြင်းကြောင့် ရငွေရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် မော်တော် ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် ဘီးခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့၌ မြို့နယ်နှင့်ကုမ္ပဏီများမှ စက်ယန္တရားများ ငှားရမ်းခြင်းမှရငွေများ၊ တင်ဒါလျှော်လှာရောင်းရငွေများ၊ တရားလွှတ်တော်တွင် အခြားရာဇဝတ်မှုမှ ဒဏ်ငွေကောက်ခံမှုများပြားခြင်းကြောင့် ပိုမိုရရှိခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် အိမ်လခရငွေများ၊ မီးသတ် ဦးစီးဌာနတွင် အထပ်မြင့်အဆောက်အဦ စစ်ဆေးခရငွေများ၊ ဌာနအချို့တွင် တင်ဒါ လျှောက်လွှာရောင်းချရငွေများ၊ ဒဏ်ကြေးရငွေများ၊ မှတ်ပုံတင်ကြေးနှင့်မှတ်ပုံတင် လျှောက်လွှာများ ရောင်းချခြင်းမှရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများနှင့် စည်ပင်သာယာရေးအဖွဲ့တွင် အဆောက်အဦ စစ်ဆေးခ၊ စီးပွားရေး ကြော်ငြာဆိုင်းဘုတ်ခ၊ရေပေးခြင်းမှရငွေ၊ စားသောက်ဆိုင်

လိုင်စင်၊ အန္တရာယ်ရှိသော လုပ်ငန်းလိုင်စင်နှင့် အခြားရငွေများ ပိုမိုရရှိခြင်းစသည်တို့ ကြောင့် လျာထားချက်ထက်ပိုမိုရရှိခဲ့ခြင်းဖြစ်ပါသည်။

(၂) မကွေးတိုင်းဒေသကြီး။ လျာထား ကျပ် ၆,၂၈၅.၉၉၇ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၄,၃၇၅.၇၁၃ သန်း အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၃၄၂.၂၈ ဖြစ်ပါသည်။ အခွန်အကောက်ရငွေတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေခွန်၊ ယစ်မျိုးခွန်၊ရေခွန်နှင့်တာတမံခွန်၊ ဓာတ်သတ္တုခွန်များပိုမိုရရှိခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုတင်ဒါခွန်နှင့် ရေချိုငါးဖမ်းကိရိယာခွန်ကောက်ခံခြင်းမှ ပိုမိုရရှိခြင်းနှင့် သစ်တောဦးစီးဌာနမှ သစ်မာ၊ကျွန်းနှင့်သစ်တောထွက်ပစ္စည်း၊ဒေသသုံးသစ်ရောင်းချခြင်းမှရငွေများ၊ မျှောစာခွန်၊ သစ်တောမှုလျော်ကြေး၊ သစ်စက်လိုင်စင်ကြေးများမှ ပိုမိုရရှိခြင်း၊ သာမန်ရငွေတွင်အစိုးရအဖွဲ့မှရေနံစိမ်းခွန်ရငွေ ၊ဝင်ငွေခွန် ၅%၊ကုန်သွယ်လုပ်ငန်းခွန် ၊ အပိုတံဆိပ်ခေါင်းခွန်၊ ရေနံသယ်ဆောင်ခရငွေ၊ တိရိစ္ဆာန်သယ်ဆောင်ခရငွေများပိုမိုရရှိခြင်း၊ ဥပဒေရုံးမှ လျာထားချက်မရှိဘဲ လစာပိုပေးမိငွေများ ပြန်လည်ပေးသွင်းရခြင်း၊ မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုခများ ပိုမိုရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှလိုင်စင်ကြေးများနှင့် ဆိုင်ခန်းငှားရမ်းခများပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရိစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ခေတ်နှင့်လျော်ညီစွာဆောင်ရွက်ရန် ဈေးနှုန်းများပြင်ဆင်သတ်မှတ်ခြင်းကြောင့်ပိုမိုရရှိခြင်း၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ လစာပိုငွေပြန်သွင်းငွေများနှင့် မြေငှားရမ်းခရငွေများ လျာထားချက်မရှိဘဲရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အခန်းပေါင်း(၁၂၀) အိမ်ငှားများချထား ပေးနိုင်ခဲ့သည့်အတွက်ရငွေများပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိရခြင်းဖြစ်ပါသည်။

(၃) မန္တလေးတိုင်းဒေသကြီး။ လျာထား ကျပ် ၉၁,၄၇၁.၇၄၁ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၅,၅၄၄.၀၇၄ သန်း အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၀၄.၄၅ ဖြစ်ပါသည်။ အခွန်အကောက်ရငွေတွင် ယစ်မျိုးခွန်များအားတစ်ကြိမ်တည်း အပြေအကြေပေးသွင်းခြင်း၊ ကြေးတိုင်အင်းများ ရာခိုင်နှုန်းအလိုက်တိုးမြှင့်ရရှိခြင်း၊ အချို့သောအင်းများ လေလံတင်ရောင်းချရာတွင် အပြိုင်အဆိုင်ဝယ်ယူမှုကြောင့် ဈေးနှုန်းမြင့်မားလာခြင်း၊ စည်ပင်သာယာရေးကော်မတီမှ ပုဂ္ဂလိကပစ္စည်းခွန်နှင့် အစိုးရအဆောက်အဦခွန် (နှစ်ဟောင်း) ကြွေးကျန်များ ကောက်ခံရရှိခြင်း၊ ရုပ်ရှင်ရုံပစ္စည်းခွန်၊ ဟော်တယ်ပစ္စည်းခွန်များ တိုးမြှင့်စည်းကြပ်ကောက်ခံရရှိခြင်း၊

ဘီးခွန်နှုန်းထားများအား အင်ဂျင်ပါဝါဖြင့် ပြင်ဆင်ကောက်ခံခြင်းတို့ကြောင့် ပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေတွင် အချို့ဌာနအဖွဲ့အစည်းများ၌ သင်တန်းကြေးများ၊ တတ်ခွဲစမ်းသပ်ခများ၊ အထပ်မြင့်အဆောက်အဦစစ်ဆေးခြင်း၊ စာပေးပွဲကြေးရငွေနှင့် ပိုပေးမိသည့်ငွေမှပြန်ရငွေများရရှိခြင်း၊ စည်ပင်သာယာရေးကော်မတီ၌ ကော်မတီနယ်နိမိတ်အတွင်း သတ်မှတ်ထားသောပျံကျကောက်ခံမှု နှုန်းထားများနှင့် ဈေးနေရာလွတ် ငှားရမ်းခြင်းနှုန်းထားများတိုးမြှင့်ခြင်း၊ သားသတ်ရုံတင်ခနှုန်းထားတိုးမြှင့် ကောက်ခံခြင်း၊လေလံစနစ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများမှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရရှိမည့်ဝင်ငွေမှ ကြိုတင်ပေးသွင်းငွေများရရှိခြင်း၊ လမ်းဘေးကျူးဆိုင်များအား စီမံခန့်ခွဲမှုဒဏ်တပ်ရိုက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် ဟိုတယ်များမှ အမှိုက်သိမ်းဆည်းခပေးဆောင်သူဦးရေနှင့် စားသောက်ဆိုင်လိုင်စင်၊ စတိုးဆိုင်၊ စက်မှုလက်မှုကုန်စုံဆိုင်စသည့် လုပ်ငန်းများ သက်တမ်းတိုးဦးရေများပြားလာခြင်း၊ ဂရန်သစ်များ ပိုမိုလျှောက်ထားလာခြင်း၊ အဆောက်အအုံဌာနမှ ဒဏ်ကြေးငွေများပိုမိုရရှိခြင်းနှင့် စသည်တို့ကြောင့် လျာထားးချက်ထက်ပိုမို ရရှိခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ။** လျာထားကျပ် ၁၅,၉၉၄.၃၄၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆,၇၉၃.၁၇၈ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၄.၉၉ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ -

(၁) ကယားပြည်နယ်။ လျာထား ကျပ် ဝ.၆ဝဝသန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၄.၅၇ဝ သန်း အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၉ဝ၉၅.ဝဝ ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်နယ်ရုံးနှင့် ရှားတောမြို့နယ်တို့၌ ဆယ်တင်ပစ္စည်းရောင်းချရခြင်းမှရငွေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒီးမော့ဆို၊ဘောလခဲနှင့် မယ်စဲ့ မြို့နယ်တို့တွင် ဂိုဒေါင်နှင့် အဆောက်အဦဖျက်သိမ်းခြင်းမှရငွေ၊ စည်ပင်သာယာရေးအဖွဲ့တွင် နောင်ယားဈေးနှင့် ဒီးမော့ဆိုမြို့မဈေးတို့အား အဆင့်မြှင့်တင်တည်ဆောက်ပြီး ဈေးဆိုင်ခန်းများရောင်းချခြင်းတို့မှရငွေ စသဖြင့်ရရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၂) တနင်္သာရီတိုင်းဒေသကြီး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့ ၊ ဆန်းချီမြို့သစ်ရပ်ကွက်ရှိ ပင်လုံအိမ်ရာတိုက်ခန်း

ရောင်းရငွေများနှင့် ထားဝယ်၊မြိတ်မြို့တို့တွင် တည်ဆောက်ပြီးစီးပြီဖြစ်သော အငှားအိမ်ရာအဆောက်အဦများ၌ လိုအပ်သောစာတ်အားလိုင်း / ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း(ထားဝယ်) သို့ ထုတ်ပေးထားရှိသော အာမခံစပေါ်ငွေနှင့် အခြားအစ ကြေးငွေများ ပြန်လည်ပေးသွင်းလာခြင်းကြောင့် လျာထားချက်မရှိသော်လည်း ရငွေရရှိခြင်းဖြစ်ပါသည်။

(၃) ပဲခူးတိုင်းဒေသကြီး။ အားကစားခန်းမ ဆယ်တင်ပစ္စည်းရောင်းချရငွေနှင့် ကျောက်တံခါးမြို့နယ် ပွဲကြည့်စင်လေလံတင်ရောင်းချရငွေများ၊ အဆောက်အဦ ဟောင်းဖျက်သိမ်းရောင်းချရငွေများနှင့် ဈေးဆိုင်ခန်းများရောင်းရငွေ၊ ကတ္တရာပီပါ ခွံများနှင့် ရေမီတာရောင်းရငွေများ ရရှိခြင်းတို့ကြောင့် လျာထားချက်မရှိ သော်လည်း ရငွေရရှိခြင်းဖြစ်ပါသည်။

(၄) မန္တလေးတိုင်းဒေသကြီး။ လျာထား ကျပ် ၅,၈၅၅.၇၇၃ သန်း အကောင် အထည်ဖော်နိုင်မှုမှာကျပ် ၅,၉၂၀.၁၈၁သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၁.၁၀ ဖြစ်ပါသည်။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များတွင် ဈေးဆိုင်ခန်းများရောင်းရငွေများရရှိခြင်းကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၅) ရခိုင်ပြည်နယ်။ ကူဘိုတာ စပါးရိတ်သိမ်းခြွေလှေ့စက်များအား ခရိုင် အလိုက် လေလံတင်ရောင်းချရငွေနှင့်မီးသတ်ဦးစီးဌာနတွင်လက်နှိပ်စက်အဟောင်း များကို တင်ဒါခေါ်ယူရောင်းချခဲ့ခြင်းကြောင့် လျာထားချက်မရှိသော်လည်း ရငွေ ရရှိခြင်း ဖြစ်ပါသည်။

**အသုံးစရိတ်**

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ၊ ပထမ(၃) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်(၁၄) ခု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၃၂၈,၃၄၃.၆၉၃ သန်း လျာထားခဲ့ရာအကောင်အထည် ဖော်နိုင်မှုမှာ ကျပ် ၂၉၀,၄၉၃.၄၄၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၈.၄၇ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အောက်ပါတို့ကြောင့် ဖြစ်ပါသည် -

(က) **သာမန်အသုံးစရိတ်။** လျာထား ကျပ် ၁၆၂,၇၀၅.၀၇၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၅၆,၈၃၃.၇၃၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၉၆.၃၉ ဖြစ်ပါသည်။

(၁) ကယားပြည်နယ်။ လျာထား ကျပ် ၃,၂၀၅.၆၉၇ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၉၄၀.၂၃၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၉၁.၇၅ ဖြစ်ပါသည်။ ဝန်ထမ်းများ လျာထားချက်အတိုင်း အပြည့်ခန့်ထားနိုင်မှု မရှိခြင်း၊ အငြိမ်းစားပင်စင်ယူခြင်းနှင့် ပြောင်းရွှေ့သွားခြင်း၊ ပြည်ပခရီးသွားလာမှု နည်းပါးခြင်း၊ပြည်တွင်းသင်တန်းများနှင့်အစည်းအဝေးတက်ရောက်မှုနည်းပါးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျာထားသည့်အတိုင်း သုံးစွဲမှုမရှိခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့တွင် ပင်စင်ဝန်ထမ်း(၁) ဦးအတွက် လုပ်သက်ဆုငွေလျာထားပြီး ခွင့်ပြုချက်မရရှိသေးသဖြင့် ငွေထုတ်ယူမှုမရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီး။ လျာထား ကျပ် ၁၆,၃၈၉.၁၄၀ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၂,၆၄၈.၁၀၁သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၇၇.၁၇ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် နိုင်ငံခြားသို့ ခရီးသွားလာမှုနည်းပါးခြင်း၊ ဆည်မြောင်းဦးစီးဌာနတွင် ဆည်မြောင်း၊ တမံ လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်၍ငွေထုတ်ယူမှုနည်းပါးခြင်း၊ကယ်ဆယ်ရေး အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ အစည်းအဝေးနှင့် အခမ်းအနားကျင်းပစရိတ် များလျော့နည်းခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင်ခရိုင်နှင့်မြို့နယ်တို့တွင် ဒုတိယညွှန်ကြားရေးမှူးများ လစ်လပ်လျက်ရှိခြင်း၊ ရုံးချုပ်မှဝန်ထမ်း(၄၀)ဦး ခန့်ထားရန် လျာထားသော်လည်း ပထမ(၃) လပတ်အတွင်း ခန့်ထားနိုင်မှု မရှိသေးခြင်း၊ အသုံးစရိတ်များအား ခရိုင်နှင့်မြို့နယ်များသို့ တိုင်းဒေသကြီးမှ ခွဲဝေချထားပေးသည့်အတိုင်း ထုတ်ယူမှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု လုပ်ငန်းတွင် ထုတ်လုပ်မှုစရိတ် (ပြင်/ထိန်း) အသုံးစရိတ်များ အပြည့်အဝ သုံးစွဲမှုမရှိသေးခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် ပြင်ထိန်းလုပ်ငန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများမှ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရာတွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေသည့်အတွက် သုံးစွဲမှုလျော့နည်းရခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(၃) <u>မကွေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၄,၄၄၈.၅၆၀ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၃,၁၇၇.၂၄၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၉၁.၂၀ ဖြစ်ပါသည်။ နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်၊ ညှိနှိုင်းဆွေးနွေးစရိတ်၊ ရုံးအသုံးအဆောင်ပစ္စည်းများဝယ်ယူမှုစရိတ်၊ ဓာတ်ဆီ၊ စက်ဆီ၊ ချော်ဆီ၊ လျှပ်စစ်ဓာတ်အား၊ အခွန်ကပ်တံဆိပ်ခေါင်းဝယ်ယူမှုနှင့် စက်ကိရိယာတန်ဆာပလာများပြင်ဆင်စရိတ် လျော့နည်းသုံးစွဲခြင်း၊ အစည်းအဝေးနှင့်ဟောပြောပွဲများသွားရောက်မှုနည်းပါးခြင်း၊ သင်တန်းများဖွင့်လှစ်နိုင်မှုမရှိခြင်း၊ ပြောင်းရွှေ့ဝန်ထမ်းနှင့် အသစ်ခန့်မည့်ဝန်ထမ်းများမရောက်ရှိသေးခြင်း၊ Citizen Budget စာအုပ်ထုတ်ဝေနိုင်မှုမရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းအသုံးစရိတ်။** လျာထား ကျပ် ၁၆၂,၆၂၈.၅၂၂ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃၀,၆၅၉.၇၁၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၀.၃၄ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ-

(၁) <u>ကချင်ပြည်နယ်။</u> လျာထား ကျပ် ၂,၅၅၈.၆၀၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၉၁၉.၈၉၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၇၅.၀၄ ဖြစ်ပါသည်။ သမဝါယမဦးစီးဌာနတွင် ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ၊ ဖားကန့်မြို့နယ်သမဝါယမဦးစီးဌာနရုံးနှင့်တနိုင်းရုံးအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများဆောင်ရွက်ရန်ကျန်ရှိနေခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၂) <u>ကယားပြည်နယ်။</u> လျာထားကျပ် ၆,၄၉၈.၀၈၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၇၁.၅၉၉ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၅.၇၂ ဖြစ်ပါသည်။ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးသော်လည်း ငွေထုတ်ယူသုံးစွဲမှုမရှိသေးခြင်း၊ တင်ဒါကိစ္စအတွက် အစိုးရအဖွဲ့မှ ခွင့်ပြုချက်မရရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ရုံးသုံးယာဉ်နှင့် အခြားရုံးသုံးပစ္စည်းများအတွက်သုံးစွဲရန် ခွင့်ပြုချက်မရရှိသေးခြင်း၊ လုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုမှု နောက်ကျခြင်းနှင့် တင်ဒါအတည်ပြုချက် မရရှိသေးသဖြင့်

ငွေထုတ်ယူသုံးစွဲမှုမရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၃) ချင်းပြည်နယ်။ လျာထားကျပ် ၄,၅၁၂.၂၁၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၃၄၆.၉၈၀ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၄.၁၈ ဖြစ်ပါသည်။ ပြည်နယ်လွှတ်တော်တွင် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရာတွင် လျော့နည်းသုံးစွဲခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် လုပ်ငန်းများကို တင်ဒါခေါ်ယူ ဆောင်ရွက်နေဆဲဖြစ်ခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲ ရခြင်းဖြစ်ပါသည်။

(၄) စစ်ကိုင်းတိုင်းဒေသကြီး။ လျာထားကျပ် ၁၆,၂၉၄.၆၅၁ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၇၄၂.၀၃၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀.၆၉ ဖြစ်ပါသည်။ ဌာန၊ အဖွဲ့အစည်းများတွင် ငွေလုံးငွေရင်းအသုံး စရိတ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများသည် တင်ဒါခေါ်ယူဆောင်ရွက်ဆဲ ဖြစ်ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(၅) မကွေးတိုင်းဒေသကြီး။ လျာထားကျပ် ၁၆,၇၁၄.၇၄၁ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၅၄၁.၀၅၅ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၄၅.၁၂ ဖြစ်ပါသည်။ ဌာန၊ အဖွဲ့အစည်းများတွင် လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများဝယ်ယူရန် သက်ဆိုင်ရာကော်မတီသို့ တင်ပြထားဆဲဖြစ်၍ မသုံးစွဲရသေးခြင်းစသည်တို့ကြောင့် လျာထားချက်ထက်လျော့နည်း သုံးစွဲရခြင်း ဖြစ်ပါသည်။

## သုံးသပ်တင်ပြချက်

၃။ (က) တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရငွေပိုင်းတွင် လျာထားချက်ထက်ပိုမိုရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုသို့ပိုမိုရရှိခဲ့ခြင်းမှာ အခွန်အကောက်ရငွေတွင် မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်များ ပိုမိုရရှိခြင်း၊ သစ်တောထွက်ပစ္စည်းများအား ပိုမို

ထုတ်ယူနိုင်ခြင်းကြောင့် ရငွေရရှိခြင်း၊ ငါးလုပ်ငန်းဆိုင်ရာအခွန်အခများပိုမိုရရှိခြင်း၊ ဘီးခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ သာမန်ရငွေတွင် တင်ဒါလျှော့က်လွှာရောင်းရငွေများ၊ အထပ်မြင့်အဆောက်အဦစစ်ဆေးခရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများနှင့် အခြားရငွေများပိုမိုရရှိခြင်း၊ ငွေလုံးငွေရင်းရငွေတွင် ဆယ်တင်ပစ္စည်းရောင်းချခြင်းမှရငွေ၊ အဆောက်အဦဟောင်းဖျက်သိမ်းရောင်းချရခြင်းမှ ရငွေများနှင့် ဈေးဆိုင်ခန်းများ ရောင်းချရခြင်းမှရငွေများရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(ခ) အသုံးစရိတ်ပိုင်းအနေဖြင့် အချို့တိုင်းဒေသကြီး/ပြည်နယ်များ၌ သာမန်အသုံးစရိတ်တွင် ဝန်ထမ်းများ လျာထားချက်အတိုင်း အပြည့်ခန့်ထားနိုင်မှုမရှိခြင်း၊ ခရီးသွားလာမှုနည်းပါးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျော့နည်းသုံးစွဲခြင်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်တွင်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူဆဲဖြစ်သည့်အတွက် လျာထားသည့်အတိုင်း အပြည့်အဝဆောင်ရွက်နိုင်မှုမရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။